# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)

## National Community Driven Development Project



ကရင်ပြည်နယ်၊ကော့ကရိတ်မြို့နယ်၊ ကျုံဘိုင်းကျေးရွာအုပ်စု

ကြာအင်းစုကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်

၂၀၂၀ပြည့်နှစ်

## မာတိကာ


| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ<br>၄.၁။ကျေးရွာသမိုင်းကြောင်း။<br>၄.၂။ကျေးရွာရှိအိမ်ခြေ၊အိမ်ထောင်းစုနှင့်လူဦးရေ။<br>၄.၃။တိုင်းရင်းသားလူမျိုးစုများဦးရေ<br>၄.၄။ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်<br>၄.၅။အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ<br>၄.၆။အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။<br>၄.၇။ပိုင်ဆိုင်မှုမြေဧရိယာနှင့်သဘာဝသယံဇာတများ။<br>၄.၈။အခြားသတင်းအချက်အလက်များ။ |
| ၅။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြစ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်။ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏မှတ်တမ်းဓာတ်ပုံများ<br>၆.၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)<br>၆.၂။ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)<br>၆.၃။ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)<br>၆.၄။ပင့်ကူအိမ် (ကျား–မရေးရာ) (Spider Diagram)<br>၆.၅။ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping) |


| | |
|---|---|
| | ၆.၆။အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။ |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။ |
| ၉။ | ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏အဖွဲ့ဝင်များစာရင်း။ |
| ၁၀။ | ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၁ (PC – 1) |
| ၁၁။ | ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၂ (PC – 2) |
| ၁၂။ | ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၃ (PC – 3) |
| ၁၃။ | ကျေးရွာပထမနှင့်ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ |
| ၁၄။ | ကဏ္ဍာအလိုက်အနှစ်ချုပ်ဇယား |

## ၁။ ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ

ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ကျုံဘိုင်းကျေးရွာအုပ်စု)




## ၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | သုံးအိမ်စု | ၄၃ | ၁၄၅ | ၁၆၁ | ၃၀၆ |
| ၂ | ကော့ဝါးဘို | ၅၆ | ၂၀၈ | ၂၄၉ | ၄၅၇ |
| ၃ | ကော့သာဆူး | ၇၆ | ၂၉၉ | ၂၈၉ | ၅၈၈ |
| ၄ | ညောင်ကုန်း | ၂၇ | ၈၆ | ၈၆ | ၁၇၂ |
| ၅ | နောင်လီ | ၁၀၂ | ၃၅၆ | ၃၉၇ | ၇၅၃ |
| ၆ | နိုင်းခလောင် | ၁၄၅ | ၅၁၄ | ၅၀၈ | ၁၀၂၂ |
| ၇ | ကော့ဒိုင် | ၈၈ | ၃၁၅ | ၃၂၉ | ၆၄၄ |
| ၈ | ကော့ဒေးချိန် | ၁၆၁ | ၅၅၀ | ၅၅၆ | ၁၁၀၆ |
| ၉ | ကြာအင်းစု | ၁၂၃ | ၄၉၂ | ၄၈၇ | ၉၇၉ |

## ၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

### ၄.၁။ ကျေးရွာသမိုင်းကြောင်း။

ကြာအင်းစုကျေးရွာသည်အသင်တော်မရှိစဉ်ကထဲကရွာတည်ရှိပြီးဖြစ်ပါသည်။ အသင်တော်၏သက်တမ်းမှာခရစ်နှစ်၁၅၀ကျော်ရှိပြီးဖြစ်သည်။ အင်္ဂလိပ်ခေတ်ပထမရွာစဉ်ကယိုးဒယားမြန်မာစစ်ဖြစ်ပြီးစစ်ပြေးအဖြစ်လာရောက်ခိုလှုံရာမှရွာဖြစ်ပေါ်လာသည်။ ရွာစတည်စဉ်ကကျေးရွာရှိဦးရေဖူထယ်ကုန်၊ ဦးလင်ငွေကုန်၊ ဖူးနဲလစ်ကုန်း၊ ဖူးရောင်း၊ ဖူးလယ်၊ ဖူးမော့၊ ဖူးရောင်ကလိုင်းသူအုပ်စုနှင့် သူအိမ်ခြေစုစုပေါင်း (၁၀) လုံးခန့်သာရှိသည်။

ကျုံဘိုင်းတောင်ကုန်းအောက်ခြေတစ်ဝိုက်/ရွာ၏အနောက်ဘက်တွင်အင်းရှိပြီး ၎င်းအင်းအတွင်း ကြာပင်များပေါက်ရောက်နေသောကြောင့် ကြာအင်းစုဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

ယခင်က သဘာဝဘေးအနေဖြင့် တခါတရံရေကြီးခြင်း၊ ကျန်းမာရေးအားဖြင့် ကျောက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါဘေး ဖြစ်ခဲ့ပါသည်။ စစ်ဘေးစစ်ဒဏ်၊ ဓါးပြဘေးလည်းခံခဲ့ရဖူးသည်။

ကိုးကွယ်သည့်ဘာသာမှာ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြပြီး ခရစ်ဘာသာကို အနည်းစု ကိုးကွယ်ကြသည်။

ကျေးရွာ၏အရှေ့ဘက်တွင် ကော့ဒေဆိုင်ရွာ၊ အနောက်ဘက်တွင် ကော့ဒိုင်ရွာ၊ တောင်ဘက်တွင် ချောင်းဖျားရွာ၊ မြောက်ဘက်တွင် ချောင်းရိုးလယ်ကွင်း၊ စာကျက်ကွင်းရှိပါသည်။

ယခင်ကသွားလာရေးအခြေအနေမှာ ခြေလျင်၊ လှည်း၊ ကုန်းကြောင်းတို့ဖြင့်သွားလာရပါသည်။ ယခုအချိန်တွင် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသောကြောင့် ကား၊ ဆိုင်ကယ်၊ စက်ဘီးတို့ဖြင့် သွားလာနေကြပါသည်။

ယခင်စီးပွားရေးအခြေအနေမှာ တောင်ယာ၊ လယ်လုပ် မိရိုးဖလာလုပ်ငန်းနှင့်သာ အသက်မွေးဝမ်းကြောင်းမှု ပြုကြသည်။ ယခုအချိန်တွင် စက်မှုလုပ်ငန်းတိုးတက်လာသည့်အတွက် လယ်ယာလုပ်ငန်းမှာ စက်နှင့်ထွန်ယက်လုပ်ကိုင်ကြပြီး စပါးတွေကိုလည်း ယခင်ကလို နွား၊ ကျွဲတို့ဖြင့် နယ်စရာမလိုတော့ပဲ ခြွေလှေ့စက်များသုံးလာခဲ့သည့်အတွက် အချိန်ကုန်သက်သာပြီး လုပ်ငန်းကို ပိုမိုပြီးမြောက်အောင် လုပ်ကိုင်နိုင်သည်။

ယခု ၂၀၁၈ အရောက်တွင် ကျွန်တော်/မတို့၏ ကြာအင်းစုကျေးရွာကလေးသည် အတော်ပင် တိုးတက်လာပြီး သာယာသောရွာကလေးတစ်ရွာအဖြစ် ရောက်ရှိနေပြီဖြစ်ပါသည်။

၄.၂။ ကျေးရွာရှိအိမ်ခြေအိမ်ထောင်စုနှင့်လူဦးရေ။

ကြာအင်းစုကျေးရွာတွင်အိမ်ထောင်စု (၁၁၉)စု ရှိပါသည်။ ကျေးရွာအတွင်းနေထိုင်သော လူဦးရေမှာ အမျိုးသား (၄၉၃)ဦး၊ အမျိုးသမီး (၄၆၃)ဦး၊ စုစုပေါင်း (၉၅၆)ဦး ရှိပါသည်။ ယခုအိမ်ထောင်စုနှင့် လူဦးရေစာရင်းမှာ ၂၀၂၀ခုနှစ်၊ ဇွန်လတွင် ကောက်ထားသောစာရင်း ဖြစ်ပါသည်။

၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

ကြာအင်းစုကျေးရွာတွင်နေထိုင်းသော တိုင်းရင်းသားလူမျိုးစုများမှာ ကရင်၊ ဗမာလူမျိုးတို့ ဖြစ်ပါသည်။ ကရင်လူမျိုးအိမ်ထောင်စု (၁၁၈) စုတွင် အမျိုးသား (၄၉၂)ဦးနှင့် အမျိုးသမီး (၄၆၃)ဦး စုစုပေါင်း (၉၅၀)ဦး ရှိပါသည်။ ဗမာလူမျိုးအိမ်ထောင်စု (၁) စုတွင် အမျိုးသား (၁)ဦးနှင့် အမျိုးသမီး (×)ဦး စုစုပေါင်း (၁)ဦး ရှိပါသည်။

၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

ကြာအင်းစုကျေးရွာကျေးရွာတွင် သက်ကြီးရွယ်အို (၆၅နှစ်နှင့်အထက်) (၄၃)ဦး၊ မသန်စွမ်း (၄)ဦးတို့ ရှိပါသည်။

၄.၅။ အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ

ကြာအင်းစုကျေးရွာတွင်မူလတန်းကျောင်း (၁)ကျောင်း၊ မူကြိုကျောင်း (၁) ကျောင်း၊ ကျန်းမာရေးဌာနခွဲ၊ ဆေးပေးခန်း၊ ခရစ်ယာန်ကျောင်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်း၊ စေတီတို့ ရှိပါသည်။

၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။

ရွာသူ/သားများ၏အဓိကစီးပါွးရေးမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် လယ်စိုက်ပျိုးလုပ်ကိုင်သူနှင့် ဥယျာဉ်စိုက်ပျိုးသူများ ဖြစ်ပါသည်။

၄.၇။ ပိုင်ဆိုင်မှုမြေဧရိယာနှင့်သဘာဝသယံဇာတများ။

လယ်/ယာမြေ၊ ဥယျာဉ်ခြံ၊ လက်တွန်းထွန်စက်၊ ကား၊ မော်တော်ဆိုင်ကယ်၊ အသေးစား အိမ်ဆိုင်များ၊ ထော်လာဂျီ၊ အပ်ချုပ်စက်၊ စက်တပ်လှေ၊ မြက်ရိတ်စက်၊ ရေတွင်း၊ ခိုင်းနွားတို့ ရှိပါသည်။

၄.၈။ အခြားသတင်းအချက်အလက်များ။

အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ သာရေး/နာရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့တို့သည် ကျေးရွာတွင်းတည်ရှိသော အဖွဲ့အစည်းများ ဖြစ်ပါသည်။

ကျေးရွာပြင်ပရှိအဖွဲ့အစည်းများနှင့်ဌာနများနှင့်လည်း ချိတ်ဆက်မှုရှိပါသည်။ အမျိုးသမီး တောင်သူ အဖွဲ့၊ ရဲစခန်း၊ ထွေအုပ်ရုံး၊ DRD, KNU, Phase M တို့နှင့် ချိတ်ဆက်ပါ သည်။


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်။

| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေးသူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | က | မ | ပ | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၃၁ | ၅၈ | ၈၉ | စိုက်ပျိုးရေးလုပ်ငန်း၊ နိုင်ငံခြား (ထိုင်း) ရွှေ့ပြောင်းလုပ်ကိုင်သူများခြင်း။ |
| ၂ | ရာသီခွင်ပြ – ပြက္ခဒိန် | ၃၁ | ၅၈ | ၈၉ | မွေးမြူရေးလုပ်ငန်း၊ ဝင်ငွေနည်းပါးခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပွဲတော်ရက်များ။ |
| ၃ | ဥစ္စာခနေကြွယ်ဝမှုအဆင့် | ၃၁ | ၅၈ | ၈၉ | အဆင်မပြေသော အိမ်ထောင်စု (၅၁)စု၊အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ ပညာရေး။။ |
| ၄ | ပင့်ကူအိမ် (ကျား–မရေးရာ) | ၃၁ | ၅၈ | ၈၉ | ပညာတတ်မြောက်မှု၊ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အမျိုးသမီးများဝင်ငွေရ အလုပ်အကိုင်မရှိခြင်း၊ ကျန်းမာရေး။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၃၁ | ၅၈ | ၈၉ | အပ်ချုပ်စက် အမျိုးသမီးများ သုံးစွဲမှုများသည်။ လက်တွန်းထွန် |


| | | | | | |
|---|---|---|---|---|---|
| | | | | | စက်၊ ထော်လာဂျီ၊ မြက်ရိတ်စက်၊ စက်တပ်လှေ၊ အမျိုးသားများ သုံးစွဲမှုများသည်။ ဆိုင်ကယ်၊ ကား၊ရေတွင်း၊ဘုန်းကြီးကျောင်း၊ လယ်၊နွားတို့ကိုအမျိုးသား၊အမျိုးသမီးတို့က သုံးစွဲကြသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | ၃၁ | ၅၈ | ၈၉ | ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့မှ ဩဇာလွှမ်းမိုး၊ကျေးရွာပြင်ပတွင် အမျိုးသမီး တောင်သူအဖွဲ့၊ ရဲစခန်း၊ ထွေအုပ်ရုံး၊ DRD, KNU, Phase Mတို့ လွှမ်းမိုးမှုများသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်း ဓာတ်ပုံများ


### ၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)



## ၆.၂။ ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)



## ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)



အုပ်စု – ကျုံဘိုင်း
ကျေးရွာ – ကြာအင်းစု


ဥစ္စာဓနကြွယ်ဝမှုပြဇယား

မြို့နယ် – ကော့ကရိတ်
ရက်စွဲ – 18.3.2020


| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင့်မြင့်သောအိမ်ထောင်စု | လယ် <၆> ဧက၊ တိုက်အိမ်၊ ဆိုင်ကယ်၊ လယ်ထွန်စက်၊ TV စသောင်း | 11 | 8.94% |
| အလယ်အလတ်အိမ်ထောင်စု | လယ် <၃> ဧက၊ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ TV၊ စသောင်း နွားမွေး | 21 | 17.07% |
| အဆင့်မမြင့်သောအိမ်ထောင်စု | ပျဉ်ထောင်အိမ်၊ စက်ဘီး၊ ဝက်မွေး၊ ခေါက်TV | 40 | 32.52% |
| အလွန်အဆင့်မမြင့်သောအိမ်ထောင်စု | ဓနိအိမ်၊ မြေပိုင်ဆိုင်မှုမရှိ၊ ကျပန်း၊ နေ့စား | 51 | 41.46% |

ပါဝင်ဆွေးနွေးသူ = ကျား ( 31 ) + မ ( 58 ) = 89


## ၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)



## ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)



## ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)



**၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း။**

| စဉ် | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်ရလဒ်များ |
|---|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | -ဖက်ထိုး၊ဖက်ကောက်၊ ဈေးရောင်း၊ လယ်ယာလုပ်ငန်းတို့ကိုမှီခိုပြီး အသက်မွေးဝမ်းကျောင်းပြုကြသည်။<br>-တစ်ရွာလုံးခွဲခြားဆက်ဆံမှုမရှိဘဲ အများအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ခရစ်ယာန်ကိုးကွယ်သူများလည်း ကျေးရွာအတွင်း အနည်း ငယ်ရှိသည်။<br>-ကျေးရွာအတွင်း အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် အခြားဒေသနှင့် ပြင်ပနိုင်ငံများသို့ ထွက်၍သွားရောက်အလုပ်လုပ်ကိုင်ကြသူများလည်းရှိသည်။<br>တိုးတက်ရန်လိုအပ်သော အချက်များ<br>-လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်၊<br>-စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်း၊<br>-လျှပ်စစ်မီးလင်းရေး၊<br>-ရေလှောင်ကန်ရရှိရေး။ |
| ၂ | ရာသီခွင်ပြ - ပြက္ခဒိန် | -လယ်ယာလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကြောင်းအဖြစ် လုပ်ကိုင်ကြသည်။<br>-လယ်ယာ၊ ဖက်ထိုး၊ ဖက်ကောက် အနည်းငယ် အိမ် ထောင်စု လုပ်ကိုင်ကြသည်။<br>-ဝင်ငွေအနေဖြင့် လယ်ယာလုပ်ကိုင်ရာတွင် နေ့စားခ (၅၀၀၀)ကျပ်ဖြင့် လုပ်ကိုင်ကြသည်။<br>-ထွက်ငွေအနေဖြင့် လယ်ပိုင်ရှင်များမှ လယ်ယာလုပ်ငန်းစတင်ချိန်တွင် အရင်းအနှီးများစွာကုန်ကျပြီး လယ်ယာလုပ်ငန်းနားသည့်အချိန် |

| | | |
|---|---|---|
| | | တွင် ထွက်ငွေပိုကုန်ပါသည်။<br>-ဝင်ငွေမလုံလောက်သည့်အတွက် ပြင်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ကြသည်။<br>-မိုးရာသီ၌ ရေကြီးရေလျှံနေသောကြောင့် တံငါအလုပ်ကို လုပ်ကိုင်ကြသည်။<br>-အမျိုးသမီးအသက်မွေးဝမ်းကြောင်းမှာ ကောက်ရိတ်၊ ငါးရောင်း၊ ဖက်ထိုး/ကောက်။<br>-လုပ်အားခတန်းတူရရှိ(လယ်ယာ)အတွက် ရရှိသော်လည်း တခြားလုပ်ငန်းများတွင် တန်းတူလုပ်အားခ မရရှိခဲ့ပေ။<br>-ဝင်ငွေနည်းသဖြင့် အမျိုးသမီးများ အိမ်မှုကိစ္စနှင့်သာ အချိန်ကုန်ရေရခြင်း။<br>-အမျိုးသားများမှ တာဝန်ယူမှုနှင့် တာဝန်ခံမှု၊ ကျား/မရေးရာကို သိမြင်အောင်ပြောဆိုဆွေးနွေး။<br>-တန်းတူညီမှုမှုနှင့် သာတူညီမျှမှုအကြောင်း ဆွေးနွေး။ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့် | -ကျေးရွာအတွင်း အလွန်အဆင်မပြေသော အိမ်ထောင်စု (၅၁)စုရှိ။<br>-ဆင်းရဲနွမ်းပါးသည့်အကြောင်းမှာ မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ နေ့စား၊ ကျပန်းများသာ လုပ်ဆောင်ရသောကြောင့် ပုံမှန်ဝင်ငွေမရှိခြင်း၊ ကလေးများခြင်း၊ ကလေးများအား ကျောင်းမထားနိုင်ခြင်း။<br>-အစီအစဉ်ရေးဆွဲရာတွင် ဆင်းရဲနွမ်းပါးသူများ၏ အားလပ်ချိန်တွင် အစီအစဉ်ရေးဆွဲပြီး သူတို့တင်ပြသော လိုအပ်ချက်ကို အဓိကထားပြီး တလေးတစားနားထောင်ကာ စဉ်းစားပေးခြင်း။<br>-လုပ်ငန်း အကောင်းအထည်ဖော်ရာတွင် မိ |

| | | |
|---|---|---|
| | | သားစုစားဝတ်နေရေး ပြေလည်စေရန်အတွက် နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိလာမည်။ |
| ၄ | ပင့်ကူအိမ် (ကျား-မရေးရာ) | -အမျိုးသမီး၏လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချခွင့် ပါဝင်ခွင့်အားနည်းသည်။ ဥပမာ-အမျိုးသားများ၏ ပါဝင်ဆုံးဖြတ်ခွင့်သည် အများဆုံးဖြစ်ပြီး အမျိုးသမီးများသည် နည်းနေတတ်ပြီး အိမ်တွင်းမှုတွင်သာ ရာနှုန်းပြည့် ဖြစ်နေတတ်သည်။<br>-ဝင်ငွေရရှိမှုအပိုင်းတွင် အမျိုးသားကသာ ဦးဆောင်ကြသည်။ ကျေးရွာလုံခြုံမှုအပိုင်းတွင် အမျိုးသား အမျိုးသမီးတန်းတူညီမျှမှုရှိ။<br>-အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများထက် အမျိုးသားများကသာ ပို၍ရရှိကြောင်း။<br>-ကျေးရွာတွင် အမျိုးသမီးသီးသန့် အသိပညာပေးဆွေးနွေးပွဲများ လုပ်ပိုင်ခွင့်နှင့် အလုပ်ခများ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်မည်။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | -အပ်ချုပ်စက်ကို အမျိုးသမီးများကသာ အသုံးပြုပြီး ထိန်းချုပ်မှုကို ပြုလုပ်သည်။<br>-လက်တွန်းထွန်စက်ကို အမျိုးသားများသာ အသုံးပြုပြီး ထိန်းချုပ်မှုကိုလည်း ပြုလုပ်ခဲ့ကြသည်။<br>-ဖုန်း၊ ဆိုလာ၊ မွေးမြူရေးတိရစ္ဆာန်တို့ကို အမျိုးသား/သမီး တန်းတူထိန်းချုပ် အသုံးပြုကြသည်။<br>-လယ်ယာ၊ ရော်ဘာ၊ ဆိုင်ကယ်၊ ဘောလုံး |

| | | |
|---|---|---|
| | | ကွင်း၊ မီးစက်၊ ရေမြုပ်မော်တာတို့ကို အမျိုးသား/သမီးတန်းတူအသုံးပြုကြပြီး ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသားများကသာ ဦးဆောင်ကြသည်ကို တွေ့ရသည်။<br>-အမျိုးသမီးများအား ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် အမျိုးသားနှင့် အမျိုးသမီးတန်းတူဆွေးနွေးဆုံးဖြတ်ခြင်းဖြင့် အမျိုးသမီးများ၏ အခွင့်အလမ်းရပိုင်ခွင့်ကို မြှင့်တင်ပေးရာရောက်ပါသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | -ရပ်မိရပ်ဖ၊ သာရေးနာရေး၊ လူငယ်အဖွဲ့၊ အိုးသူကြီး၊ သင်္ချိုင်းမီးအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့များမှာရွာ၏သာရေးနာရေးနှင့်<br>ဘာသာရေးတို့တွင် အဓိကပါဝင်သည်။<br>-အမျိုးသမီးငွေစုငွေချေးအဖွဲ့၊ အမျိုးတောင်သူအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့များသည် အမျိုးသမီးအဖွဲ့များ ဖြစ်ကြသည်။<br>-ကျေးရွာဖွံ့ဖြိုးမှုကော်မတီ၊ ကျောင်းကော်မတီ၊ Phase-M၊ အမျိုးသမီးငွေစု/ချေး၊ အမျိုးသမီးတောင်သူအဖွဲ့များမှာ အမျိုးသားနှင့် အမျိုးသမီးများပူးပေါင်းပါဝင်ပြီး (ပညာရေး၊ ကျန်းမာရေးနှင့်ဝင်ငွေရရှိရေးတို့ကို အဓိကထားဆောင်ရွက်သည်။<br>-ကျေးရွာရာအိမ်မှူးများသည်ကျေးရွာအတွင်းအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင်သည်။<br>-အုပ်ချုပ်ရေးမှူးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း၊ ကျေးလက်ဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံးတို့ကို ဆက်သွယ်ဆောင်ရွက်သည်။ |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။





## ၉။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏အဖွဲ့ဝင်များစာရင်း။

| စဉ် | အမည် | ကျား | မ | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးမောင်ဝင်းစိုးဦး | ✓ | | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ(ဥက္ကဌ) | |
| ၂ | ဒေါ်ခင်ခင်မြင့် | | ✓ | ။ | |
| ၃ | ဒေါ်ပုံးလုံး | | ✓ | ဝယ်ယူရေး(ခေါင်းဆောင်) | |
| ၄ | ဒေါ်စိန်တင် | | ✓ | ဝယ်ယူရေး(အဖွဲ့ဝင်) | |
| ၅ | ဦးစောအောင်ခိုင် | ✓ | | ။ | |
| ၆ | ဒေါ်ခင်လင်း | | ✓ | ကျေးရွာစာရင်းကိုင် | |
| ၇ | ဦးတင်စိန် | ✓ | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(ခေါင်းဆောင်) | |
| ၈ | ဒေါ်မြင့်စန်း | | ✓ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(အဖွဲ့ဝင်) | |
| ၉ | ဒေါ်နန်းထွေးရီ | | ✓ | ။ | |
| ၁၀ | ဒေါ်မစိန် | | ✓ | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်းဆပ်ကော်မတီ (ခေါင်းဆောင်) | |
| ၁၁ | ဦးကျော်မြင့် | ✓ | | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်းဆပ်ကော်မတီ (အဖွဲ့ဝင်) | |
| ၁၂ | ဒေါ်ပန်းဥ | | ✓ | ။ | |
| ၁၃ | ဒေါ်မပန်းမြင့် | | ✓ | ဝေဖန်အကြံပြုကိုယ်စလှယ် | |
| ၁၄ | ဦးမောင်နီး | ✓ | | ။ | |
| ၁၅ | ဒေါ်နန်းအောင်ငြိမ်း | | ✓ | ကျေးရွာစေတနာ့ဝန်ထမ်း | |
| ၁၆ | ဦးအေးမျှင် | ✓ | | ။ | |

## ၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ–၁ (PC – 1)

| ကျေးရွာခေါင်းဆောင်အမည်<br>ဦးစောတိုင်လုံး | ကျေးရွာခေါင်းဆောင်<br>ဖုန်းနံပါတ် ၀၉၇၇၈၂၇၇၆၈၇ | လူထုစည်းရုံးရေးမှူးအမည် –<br>မန်းမျိုးမင်းသန်း |
|---|---|---|

| ပြည်နယ် –<br>ကရင် | မြို့နယ် –<br>ကော့ကရိတ် | ကျေးရွာအုပ်စု –<br>ကျုံဘိုင်း | ကျေးရွာ – ကြာအင်းစု |
|---|---|---|---|

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၁၂၂ | ဗုဒ္ဓ၊ ခရစ်ယာန် | ၁၂၃ |
| လူမျိုးစု (၂) ကရင် + ဗမာ | ၁ | ဗုဒ္ဓ | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ………………………… | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၄ |
| သက်ကြီးရွယ်အို (၆၅နှစ်နှင့်အထက်) | ၄၃ |
| စစ်ဘေးရှောင် | – |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၄၉၂ | ၄၈၇ | ၉၇၉ |
| လူမျိုးစု (၂) ဗမာ | ၁ | – | ၁ |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ………………………… | | | |
| အိမ်ထောင်ဦးစီး | ၁၀၂ | ၂၁ | ၁၂၃ |

၁။ အခြေခံအဆောက်အအုံအသုံးအဆောင်များ

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာသာရေးအဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | ✓ |
| အလယ်တန်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်း | ✓ | ကျန်းမာရေးဌာနခွဲ | ✓ | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | ✓ | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | အခြား | |
| | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်းသို့အခြားမှလာရောက်)

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက်တန်းဆရာ/မ | | | ဆရာဝန် | | | လက်သမား | ✓ | |
| အလယ်တန်းဆရာ/မ | | | ကျန်းမာရေးမှူး | | | ပန်းရံ | ✓ | |
| မူလတန်းဆရာ/မ | ✓ | ✓ | ကျန်းမာရေးဆရာမ | | | လျှပ်စစ်ကျွမ်းကျင် | | |
| မူကြိုဆရာ/မ | ✓ | | သားဖွားဆရာမ | ✓ | | ရေပိုက် သွယ် | ✓ | |
| အခြား | | | ကျန်းမာရေးလုပ်သား | | | စက်ပြင် | | |

(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသောလမ်းအခြေအနေ

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း (circled) ကွန်ကရစ်လမ်း ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ------------------

(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

၁. လူထုဗဟိုပြုစီမံကိန်းမစတင်မီကျေးရွာတွင်ဖွံ့ဖြိုးရေး စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

၂. ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ? (……)/ မသိပါ

၃. ထိုစီမံချက်ကိုမြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁.ကျေးရွာ၏ဗဟိုမှအုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။ ( ၀.၂၅ )မိုင်/မသိပါ

၂.ကျေးရွာမှအုပ်စုရွာသို့သွား/လာရာတွင်အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် ၄ မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ခြေလျင်၊ စက်လှေ၊ အခြား……………

မိုးရာသီကြာချိန် ၄ မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား……………

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့သဘာဝဘေးအန္တရာယ်ကျရောက်ဖူးပါသလား?

…….မရှိပါ/ (✓) ရှိပါသည်/ ရှိလျှင်ဖော်ပြပါ (၂၀၁၃ခုနှစ်တွင် မြစ်ရေ၊ တောင်ကျရေးကြီးခြင်းကို ဝါခေါင်လတွင် ဖြစ်ပေါ်ပြီး နေထိုင်သည့်နေရာ ပြောင်းရွှေ့ခဲ့ရ)

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသောအဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့)ရွာသားများ ကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှဖွဲ့စည်းထားသောအဖွဲ့များရှိပါသလား?

(၁) ---------------------------------- (၂) ----------------------------------

(၃) ---------------------------------- (၄) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှမှတ်တမ်းတင်ထားခြင်း။

………မရှိပါ။ ( ✓ ) ရှိပါသည်။

## ၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၂ (PC – 2)

| စည်းရုံးရေးမှူးဝန်ထမ်းအမည် – မန်းမျိုးမင်းသန်း၊ ဦးရဲနိုင်ထွန်း | | | |
|---|---|---|---|
| နေ့စွဲ – ၁၈.၃.၂၀၂၀ | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ– စက်ဝန်း၁ (..)။စက်ဝန်း၂ (..) စက်ဝန်း၃ (✓)၊စက်ဝန်း၄ (..) | | |
| ပြည်နယ် – ကရင် | မြို့နယ် – ကော့ကရိတ် | ကျေးရွာအုပ်စု – ကျုံဘိုင်း | ကျေးရွာ – ကြာအင်းစု |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | | အိမ်ထောင်စု စုစုပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးစီးသည့်နေ့ | ကျား | မ | အိမ်ထောင်စု | လူမျိုးစု | | | |
| | | | | | | အရေအတွက် | အမည် | | |
| (၁)ကျေးရွာစီမံကိန်း မိတ်ဆက်အစည်း အဝေး | ၁၈.၃.၂၀၂၀ | ၁၈.၃.၂၀၂၀ | ၃၁ | ၅၈ | ၈၉ | ၈၉ | ကရင် | ၁၂၃ | ၇၂.၃၆ |
| (၂)ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၈.၃.၂၀၂၀ | ၁၈.၃.၂၀၂၀ | ၃၁ | ၅၈ | ၈၉ | ၈၉ | ကရင် | ၁၂၃ | ၇၂.၃၆ |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

၁၂။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၃ (PC – 3)

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် – မန်းမျိုးမင်းသန်း | | | |
| နေ့စွဲ – | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ – စက်ဝန်း၁ (..)။စက်ဝန်း၂ (..) စက်ဝန်း၃ (✓)၊စက်ဝန်း၄ (..) | | |
| ပြည်နယ် – ကရင် | မြို့နယ် – ကော့ကရိတ် | ကျေးရွာအုပ်စု – ကျုံဘိုင်း | ကျေးရွာ – ကြာအင်းစု |

(က) အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း။ယခုလက်ရှိအခြေအနေတွင်ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီးမည်မျှရှိပါသနည်း။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှတင်ပြသောအခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| ရွာတွင်းလမ်းကို ဂဝံမြေသားလမ်းအဖြင့် မြှင့်တင်ထား သော်လည်း မိုးရာသီတွင် ရေဝပ်ခြင်း၊ ဗွက်ထခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် ကျောင်းသူ/သားနှင့် ရွာလူထုများအတွက် သွားရေးလာရေးတို့တွင် အခက်အခဲဖြစ်နိုင်ခြင်း။ | ကျား... | မ.... | ကျား+မ ✓ |
| ကြာအင်းစု – ကော့ဆူးကျေးရွာ ချိတ်ဆက်ထားသော ရွာချင်း ဆက်လမ်းမှ မိုးရာသီတွင် လမ်းပျက်စီးမှုရှိသည့်အတွက် ကျေးရွာလူထုများ သွားလာရာတွင် အခက်အခဲရှိခြင်း။ | ကျား... | မ.... | ကျား+မ ✓ |
| ကျေးရွာအတွင်း KGကျောင်းဆောင်မရှိသည့်အတွက် ကလေးငယ်များ အခြားကျေးရွာများသို့ သွားရောက်ရသည့်အတွက် အခက်အခဲရှိခြင်း။ | ကျား... | မ.... | ကျား+မ ✓ |
| ကျေးရွာအတွင်း ညအချိန်လျှပ်စစ်မီးမရှိသောကြောင့် ကျောင်းသား/သူများ စာပေကျက်မှရာနှင့် ကျေးရွာလူထုများ ကျရေး ညတာသွားလာရာတွင် အခက်အခဲရှိခြင်း။ | ကျား... | မ.... | ကျား+မ ✓ |
| မူလတန်းကျောင်းတွင် ကျောင်းမျက်နှာကျက်မရှိသည့် အတွက် နွေရာသီတွင် ကျောင်းသားသူများ အပူဒဏ်ခံစားရပြီး စာပေသင်ကြားရာတွင် အာရုံစူးစိုက်မှုအားနည်းခြင်း။ | ကျား... | မ.... | ကျား+မ ✓ |

| | | | |
|---|---|---|---|
| နွေရာသီတွင် ရေရှားပါးမှုဖြစ်သည့်အတွက် တနိုင်တပိုင်စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အခက်အခဲရှိခြင်း။ | ကျား… | မ ✓ | ကျား+မ … |
| နွေရာသီတွင် ရေရှားပါးသည့်အတွက် ကျေးရွာလူထုများ သောက်ရေ၊ သုံးရေရရှိဖို့အတွက် အခက်အခဲရှိခြင်း။ | ကျား ✓ | မ…. | ကျား+မ … |
| ကျန်းမာရေး အရေးကြီး အရေးပေါ် ကိစ္စရပ်များအတွက် လူနာတင်ယာဉ်မရှိခြင်းကြောင့် ဆေးရုံ၊ ဆေးခန်းသို့ အချိန်မှီမရောက်ရှိနိုင်ခြင်း။ | ကျား ✓ | မ…. | ကျား+မ … |
| ကျေးရွာအတွင်း အသက်မွေဝမ်းကြောင်းနှင့်ဆိုင်သော ပညာရပ်များမရှိသည့်အတွက် ကျေးရွာလူထုများ ပြည်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်နေရခြင်း။ | ကျား… | မ ✓ | ကျား+မ … |
| စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတို့တွင် နည်းပညာအားနည်းခြင်းနှင့် က်ကိရိယာများ လုံလုံလောက်လောက်မရှိခြင်းတို့ကြောင့် တနိုင်တပိုင်စျေးကွက်စီးပွားရေးမတိုးချဲ့နိုင်ခြင်း။ | ကျား ✓ | မ…. | ကျား+မ … |
| | ကျား… | မ…. | ကျား+မ … |

(ခ) မျှော်မှန်းခြင်း – နောင်လာမည့်၅နှစ်တွင်ကျေးရွာဖွံ့ဖြိုးရေးလျာထားချက်များ

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှတင်ပြသောအခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| ရွာတွင်းလမ်းကို ကွန်ကရစ်လမ်းအဖြင့် အဆင့်မြှင့်ခင်းပြီးပါက ကျောင်းသား/သူများ ကျေးရွာလူထုများ၊ ပညာရေး၊ ကျန်း မာရေး၊ စီးပွားရေး၊ လူမှုရေးတို့အတွက် သွားရေးလာရေးတို့ တွင် အဆင်ပြေလာနိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| ရွာချင်းဆက်လမ်းကို ဂဝံမြေသာလမ်းအဖြင့် အဆင့်မြှင့်တင်ပေးပါ မိုးရာသီတွင် လမ်းပျက်စီးမှုနည်းပြီး ကျေးရွာလူထုများ သွားရေးလာရေးတို့တွင် ပို၍အဆင်ပြေလာမည်။ | ကျား… | မ…. | ကျား+မ ✓ |
| ကျေးရွာအတွင်း KGကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးပါက ကလေးငယ်များ ကောင်းကောင်းမွန်မွန် ပညာသင်ကြား လာနိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| စာသင်ကျောင်းမျက်နှာကျက်များရှိလာခဲ့လျှင် ကလေးငယ်များ အပူဒဏ်ခံစားရခြင်းမှ ကင်းဝေးပြီး စာပေသင်ကြားရာ | ကျား… | မ…. | ကျား+မ ✓ |

| | | | |
|---|---|---|---|
| တွင် အဆင်ပြေလာမည်။ | | | |
| ကျေးရွာတွင် ရေလှောင်ကန်များရှိလာပါက နွေရာသီတွင် ရေများလုံလုံလောက်လောက် ရရှိလာနိုင်ပြီး စိုက်ပျိုးရေးအတွက် ကောင်းကောင်းမွန်မွန် လုပ်ကိုင်လာနိုင်မည်။ | ကျား… | မ ✓ | ကျား+မ… |
| နွေရာသီတွင် သောက်ရေသုံးရေအတွက် လက်တူးတွင်း၊ အဝီစိတွင်း တူးဖော်ပေးပါက ကျေးရွာလူထုများ သောက်ရေ၊ သုံးရေ လုံလုံလောက်လောက် အသုံးပြုလာနိုင်မည်။ | ကျား… | မ ✓ | ကျား+မ … |
| ကျန်းမာရေးတွင် လူနာတင်ယာဉ်များ ရှိလာခဲ့လျှင် ဆေးရုံ၊ ဆေးခန်းသို့ အချိန်မှီ သွားရောက်ကုသနိုင်မည်။ | ကျား ✓ | မ…. | ကျား+မ … |
| အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော နည်းပညာသင်တန်းများ လာရောက်ပို့ချပေးပါက ကျေးရွာလူထုများအနေဖြင့် အသက်မွေးဝမ်းကျောင်းအတွက် လုပ်ကိုင်လာနိုင်မည်။ | ကျား ✓ | မ…. | ကျား+မ … |
| စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတို့တွင် နည်းပညာသင်တန်းများ လာရောက်ပို့ချပေးခြင်းနှင့် စက်ကိရိယာများ လုံလုံလောက်လောက်ထောက်ပံ့ပေးပါက ကျေးရွာလူထုများအနေဖြင့် တနိုင်တပိုင်စျေးကွက်စီးပွားရေးတိုးချဲ့လာနိုင်မည်။ | ကျား… | မ ✓ | ကျား+မ … |
| ကျေးရွာအတွင်း လျှပ်စစ်မီးများ ရရှိလာခြင်းကြောင့် ကျေးရွာ လူထုများ ညရေး၊ ညတားသွားလာရာတွင် ပို၍အဆင်ပြေ လာမည်။ | ကျား… | မ…. | ကျား+မ ✓ |
| | ကျား… | မ…. | ကျား+မ … |

(ဂ) လူထုစီမံကိန်း၏နောင်လာမည့်၄နှစ်တာအတွက်အကျိုးဝင်သောကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| ဦးစားပေးအဆင့်သတ်မှတ်ချက် | ကျေးရွာဖွံ့ဖြိုးရေးအတွက်လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊မ၊ (ကျား+မ) | အခန်းကဏ္ဍ | ခန့်မှန်းကုန်ကျစရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | KGကျောင်းဆောင်သစ် | ကျား + မ | ပညာရေး | ၂၅၀၀၀၀၀ | ၄၉၃ | ၄၈၇ | ၉၈၀ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | တည်ဆောက် ခြင်း | | | | | | |
| ၂ | ရွာတွင်းကွန် ကရစ်လမ်းခင်း ခြင်းလုပ်ငန်း | ။ | လမ်းပန်း ဆက်သွ | ၁၈၀၀၀၀၀၀ | ။ | ။ | ။ |
| ၃ | လျှပ်စစ်မီးရရှိ ရေး | ။ | မီးလင်းရေး | ၇၅၀၀၀၀၀၀ | ။ | ။ | ။ |
| ၄ | မူလတန်း ကျောင်းမျက်နှာ ကျက်ပြုပြင်ခြင်း | ကျား + မ | ပညာရေး | ၇၅၀၀၀၀၀ | ။ | ။ | ။ |
| ၅ | ရေလှောင်က န် ရရှိရေး | မ | ရေနှင့်သန့် ရှင်းရေး | ၁၉၅၀၀၀၀၀ | ။ | ။ | ။ |
| ၆ | လက်တူးတွင်း အဝီစိတွင်း ရရှိရေး | ကျား | ။ | ၉၅၀၀၀၀၀ | ။ | ။ | ။ |
| ၇ | ရွာချင်းဆက် မြေသားလမ်း (ကြာအင်းစု - ကော့ဆူး) | ကျား+ မ | လမ်းပန်း ဆက် သွယ်ရေး | ၃၀၀၀၀၀၀၀ | ။ | ။ | ။ |

(ဃ) လူထုစီမံကိန်း၏နောင်လာမည့် ၄ နှစ်အတွက် အကျုံးမဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း  အစီအစဉ်များ။

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးအတွက်လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊မ၊ (ကျား+မ) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လူနာတင်ကားရရှိရေး | ကျား | ကျန်းမာရေး |
| ၂ | စက်မှု၊ လက်မှုသင်တန်းရရှိရေး | မ | အသက်မွေးဝမ်းကျောင် း |
| ၃ | လယ်ထွန်စက်ရရှိရေး | ကျား | စိုက်ပျိုးရေး |
| ၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ သင်တန်းများရရှိရေး | ကျား | စိုက်ပျိုးရေး၊ မွေးမြူရေး |

## ၁၃။ ကျေးရွာပထမနှင့်ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ

ပ + ဒု ကြိမ် ကျေးရွာအစည်းအဝေး

နေရာ ကြာအင်းစု (မရေဗိုဟာရ်ဘုန်းကြီးကျောင်း) ရက်စွဲ 12.6.2019

အချိန် 9:00AM မှ 4:00PM

ဆွေးနွေးသည့် အကြောင်းအရာ

၁။ ကျေးရွာဗဟိုပြု စီမံကိန်း မိတ်ဆက် / တာဝန်နှင့် အဓိကကျသော တာဝန်များ အကြောင်း ရှင်းလင်းပြောကြားခြင်း။

၂။ ဆောင်ရွက်ရန်ကော်မတီ ဖွဲ့စည်းရွေးချယ် အတည်ပြုခြင်းနှင့် ကော်မတီဝင်များအား ဖွဲ့စည်းရွေးချယ် အတည်ပြုခြင်း။

၃။ PRA Tools များအား ဖွဲ့စည်း မှတ်ပုံခြင်းနှင့် ဖွဲ့စည်း စိစစ်ခြင်း။

၄။ စီမံကိန်း လုပ်ငန်းခွဲများအား ဖွဲ့စည်း မှတ်ပုံခြင်းနှင့် ဦးစားပေး အဆင့်များ သတ်မှတ်ခြင်း။

၅။ အကျုံးဝင် / မဝင်သော စီမံကိန်း လုပ်ငန်းခွဲများအား ဖွဲ့စည်း စိစစ်ခြင်း

| စဉ် | အစည်းအဝေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ |
|---|---|---|
| ၁။ | စီမံကိန်း မိတ်ဆက်ခြင်းနှင့် ဆောင်ရွက်ရန်ကော်မတီ နှင့်ကော်မတီများအား ဖွဲ့စည်းရွေးချယ် အတည်ပြုခြင်း။ | CF/TF ကျေးရွာလူထု |
| ၂။ | အစည်းအဝေးတွင် PRA Tools များ ဖွဲ့စည်း မှတ်ပုံ ဖော်ထုတ်ခြင်းနှင့် ကျေးရွာလူထုအား ဖွဲ့စည်း တင်ပြခြင်း။ | CF/TF ကျေးရွာလူထု |
| ၃။ | ပထမနှစ် စက်ဝန်း မှ အဆင့်အဆင့် ဖြစ်သော များ ပြောဆိုချက် နှင့်လုပ်ငန်းခွဲများအား အုပ်စုဖွဲ့ မှတ်ပုံ ဆွေးနွေးခြင်း။ | CF/TF ကျေးရွာလူထု |
| ၄။ | လုပ်ငန်း ဆောင်ရွက်ရာ ကျေးရွာ၊ သားများ ပါဝင်ပေးမှု သဘောတူညီသည်။ | ကျေးရွာလူထု |
| ၅။ | အကျုံးဝင် / မဝင်သော စီမံကိန်း လုပ်ငန်းခွဲများအား စိစစ်ခြင်းနှင့် ဖွဲ့စည်း အတည်ပြုခြင်း။ | ကျေးရွာလူထု |
| | | |

မှတ်တမ်းတင်သူ

အမည်/ ရာထူး မန်းမျိုးမြင့်သခင် / 12.6.2019

လက်မှတ်/ရက်စွဲ Thon / 12.6.2019

## ၁၄။ ကဏ္ဍအလိုက်အနှစ်ချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ | | | ခုနှစ် | ထောက်ပံ့မည့် အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦး (လမ်း၊တံတား၊ရေရရှိရေး၊မီးလင်းရေး) | ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | | | ✓ | ၂၀၂၀ | | |
| | ၂ | လျှပ်စစ်မီး(ဆိုလာ) | | | ✓ | ၂၀၁၈/၁၉/၂၀ | | |
| | ၃ | လက်တူးတွင်း၊ အဝီစိတွင်းရရှိရေး | ✓ | | | ။ | | |
| | ၄ | ရွာချင်းဆက်မြေသားလမ်း (ကြာအင်းစု-ကော့သာဆူး) | | | ✓ | ၂၀၂၀ | | |
| | ၅ | ရွာတွင်းမြေသားလမ်းခင်းခြင်း | | | ✓ | ၂၀၁၈/၁၉/၂၀ | NCDDP | အပြီးအစီး |
| လူမှုစီးပွား (ပညာရေး၊ကျန်းမာရေးနှင့်ဆိုင်သောအဆောက်အဦးနှင့်အခြားလိုအပ်ချက်များ | ၁ | မူလတန်းကျောင်းမျက်နှာကျက် ပြုပြင်ခြင်း | | | ✓ | ၂၀၁၈/၁၉/၂၀ | | |
| | ၂ | လူနာတင်ကားရရှိရေး | ✓ | | | ။ | | |
| | ၃ | KGကျောင်းဆောင်ရရှိရေး | | | ✓ | ၂၀၂၀ | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အသက်မွေးဝမ်းကျောင်း (စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆိုင်သောအဆောက်အဦးနှင့်အခြားလိုအပ်ချက်များ | ၁ | ရေလှောင်ကန်ရရှိရေး (စိုက်ပျိုးရေး) | | ✓ | | ၂၀၁၈/၁၉/၂၀ | | |
| | ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်း | ✓ | | | ။ | | |
| | ၃ | စက်မှုလက်မှုသင်တန်းရရှိရေး | | ✓ | | ။ | | |
| | ၄ | လယ်ထွန်စက်ရရှိရေး | ✓ | | | ။ | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ်လျော့ပါးရေး | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြား | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ၄ | | | | | | | |
| | | ၅ | | | | | | | |